
# ငါးဖမ်းငါးသေတ္တာစက်ရုံ
# လုပ်ငန်းခွင်


## คู่มือความปลอดภัย
## ในการทำงานประมง




## ဝန်တင်ဝန်ချစက်သီး




အရေးပေါ်ကိစ္စဖြစ်ပွားပါက
စက်ကိုရပ်နားခြင်း၊ စက်ကြိုးကို
လျှော့ခြင်းပြုပါ။



## ပူလီသီးစက်




ပူလီစက်သီး ချည်နှောင်ရာတွင်
တိုင်ထိပ်မှ ချိတ်ကိုမြဲမြံစွာတွယ်ထားခြင်းရှိ၊မရှိ
မကြာခဏစစ်ပါ။သံချေးတက်နေလျှင်မတော်တဆပြုတ်ကျ၍
ဦးခေါင်းထိခိုက်ဒဏ်ရာ ရနိုင်သည်။




ပူလီမလှုပ်ရှားစေရန်နှင့်အောက်သို့ကျပြီး
အန္တရာယ်မရှိစေရန်တိုင်တွင်
ချည်နှောင်ထားပါ။


# ငါးဖမ်းပိုက်ကွန်များဖြင့်အလုပ်လုပ်ရခြင်း

အလုပ်လုပ်နေစဉ်အဝတ်ပွများ၊ကြယ်သီးပါသောအင်္ကျီများ၊
အင်္ကျီလက်ရှည်၊ဘောင်းဘီရှည်များ မဝတ်ပါနှင့်။





## ခရုခွံများနွာရခြင်း



လက်အိတ်ဝတ်ဆင်၍ခရုခွံနွာခြင်းဖြင့်
လက်ထိပ်များထိခိုက်ရှနာခြင်း၊
အရေပြားရောဂါရခြင်း တို့မှကာကွယ်နိုင်သည်။



ပုံစံအနေအထားပြောင်းထိုင်ခြင်း၊ထခြင်းများပြုလုပ်ရမည်။



အလုပ်လုပ်စဉ်နှာခေါင်းစည်းကဲ့သို့အကာအကွယ်ပေးသော
ကိရိယာများသုံးပါ။

# အအေးခန်းတွင်အလုပ်လုပ်ရခြင်း




အအေးခန်းထဲသို့မဝင်မီနွေးထွေးသောအဝတ်အစားနားရွက်
ဖုံးသောဦးထုပ်နှင့်ရေခဲများဖြင့်ချော်လဲခြင်းကိုကာကွယ်ရန်
သံမဏိထိပ်ဦး ပါသောလည်ရှည်ဖိနပ်ဝတ်ဆင်ပါ။

လက်ထိပ်များအေးခဲ၍သွေးလည်ပတ်မှုနည်းခြင်းမှကာကွယ်ရန်
လက်အိတ် ဝတ်၍အလုပ်လုပ်ပါ။

မကြာခဏရပ်နားချိန်တွင်လက်သီးဆုပ်ခြင်း၊ဖြန့်ခြင်းလေ့ကျင့်ခန်းလုပ်ပေးပါ။

ရေခဲများဖြင့်ချော်လဲခြင်းမှကာကွယ်ရန်လည်ရှည်ဖိနပ်များဝတ်ပါ။



## အဆိပ်ဓာတ်ငွေ့

ပင်လယ်စာသိုလှောင်သိမ်းဆည်းထားသောစည်(သို့)အခန်းများမှ အဆိပ်ဓာတ်ငွေ့ထုတ်လွှတ်နိုင်သည်။ရှူရှိုက်မိခြင်းမှကာကွယ်ရန် အဖုံးမဖွင့်ခင် နှာခေါင်းစည်း တပ်ဆင်သင့်သည်။






# မစင်စွန့်ခြင်း

မစင်စွန့်သောနေရာသည်လုံခြုံစိတ်ချရသောနေရာဖြစ်သင့်သည်။ မစင်စွန့်ပြီးတိုင်း လက်ကိုဆပ်ပြာနှင့်ရေဖြင့်သေချာဆေးကြောပါ။ မှန်ကန်စွာဆေးကြောရန် လက်ဆေးကြောနည်းအဆင့်ဆင့် စာမျက်နှာကိုကြည့်ပါ။





# စက်ရုံ လုပ်ငန်းခွင်

# คู่มือความปลอดภัย ในการทำงานโรงงาน

